# ဂွမ်တီမာလာ မှ အစ္စလာမ် သာသနာ



ဂွမ်တီမာလာနိုင်ငံသည် မြောက်အမေရိကတိုက်တွင် တည်ရှိပြီး မက္ကဆီကို၊ ဘီလီဇီ၊ အရှေ့ဘက် ကယ်ရေဘီယံ ပင်လယ်ကွေ့၊ ဟွန်ဒူးရာ့စ်၊ အယ်လ်ဆာဗေဒို နှင့် နောက်ဘက် ပစ္စိဖိတ် သမုဒ္ဒရာ တို့ ဝိုင်းရံထားသော နိုင်ငံငယ် တစ်ခု ဖြစ်သည်။



ထိုနိုင်ငံငယ်တွင် လွန်ခဲ့သော နှစ်ပေါင်း ၁၂၀၀၀ ခန့်မှပင် လူသားများ စတင်နေထိုင်ခဲ့သည်ဟု ဆိုသည်။ အေဒီ ၁၆ ရာစု ဥရောပ စပိန်များ မရောက်မီအထိ နှစ်ပေါင်း ၂၀၀၀ ခန့် မေယန်ယဉ်ကျေးမှု လွှမ်းမိုးခဲ့သည်။ မြောက်ပိုင်း မြေနိမ့်ဒေသ ပက်တင် အရပ်တွင် တော်ဝင် မေယန် ရိုးရာ ထွန်းကားခဲ့ပြီး အေဒီ ၁၀၀၀ လောက်တွင် စွန့်လွှတ်ခဲ့ခြင်း ဖြစ်သည်။

၁၈၂၁ ခုနှစ် လွတ်လပ်ရေး မရမီထိ၊ ဂွမ်တီမာလာသည် စပိန်ကိုလိုနီဘဝဖြင့် နှစ်ပေါင်း ၃၀၀ နီးပါး နေခဲ့ရ၍ ၎င်းသည် မက္ကဆီကို အင်ပါယာတွင်း၌ ၁၈၄၀ ထိ နေခဲ့ရသည်။ လွတ်လပ်ရေး ရပြီးချိန်မှ စ၍ ဒီမိုကရေစီ နှစ်ဖြင့်လည်းကောင်း စစ်အုပ်ချုပ်ရေး စနစ်ဖြင့်လည်းကောင်း ဖြတ်သန်းခဲ့ရသည်။ ပြည်တွင်းစစ်ပေါင်း ၃၆ ကြိမ်ဖြစ်ပွားခဲ့၍ ၁၉၉၆ ခုနှစ်တွင်မှ ကိုယ်စားပြု အစိုးရကို ဖွဲ့စည်းနိုင်ခဲ့သည်။

ဂွမ်တီမာလာ နိုင်ငံတွင် ခန့်မှန်းခြေ အစ္စလာမ်သာသနာဝင် လူဦးရေမှာ ၁၂၀၀ ခန့်ရှိ၍ ၎င်း၏ ၉၅ ရာနှုန်းမှာ ပါလက်စတိုင်း အာရပ်များဖြစ်သည်။ ဂွမ်တီမာလာ စီတီး၏ ဆင်ခြေဖုံးတွင် အစ္စလာမ့် ဝတ်ကျောင်းတော် တစ်ဆောင် ရှိသည်။

အဟာမဒ်ဒီယာ မူဆလင်များ အသိုင်းအဝိုင်းမှ လည်ပတ်သည့် အခြားသော ဝတ်ကျောင်းတော် တစ်ခုကို (၁၉၈၉) တွင် တည်ဆောက်၍ မက်ဖ်ကွိတာ ဘိုင်တူလ် အောင်ဝါ ဟုခေါ်ပေသည်။

Wiki မှ မှီငြမ်းပြန်ဆိုသည်။ (ဦးဒွေးလွင်ဦး)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com